## Airbus ရှယ်ယာရှင်များ ပြင်သစ်၊ ဂျာမနီ နှင့် စပိန် အစိုးရတို့ အနေဖြင့် ၎င်းတို့၏ ဩဇာလွှမ်းမိုးနိုင်မှုကို အသုံးပြုခြင်းဖြင့် AVIC မှ ရာဇဝတ်ဂိုဏ်း စစ်အုပ်စုထံသို့ လေယာဉ်နှင့် ဆက်စပ်ပစ္စည်း လွှဲပြောင်းရောင်းချမှု၊ ပံ့ပိုးမှုများကို ရပ်တန့်ရန် (သို့) AVIC မှ နှုတ်ထွက်ရန် အိတ်ဖွင့်ပေးစာ ပေးပို့ခြင်း။

**သို့/**

အန်တိုနီအာမန်ဒ်၊ ပြင်သစ်နိုင်ငံ၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စက်မှုလုပ်ငန်းနှင့် ဒီဂျစ်တယ်အချုပ်အခြာ ဝန်ကြီး။

ဂျဲန်း-နိုအယ်ဘားရော့၊ ပြင်သစ်နိုင်ငံ၊ ဥရောပနှင့် နိုင်ငံခြားရေးရာဝန်ကြီး။

ခရစ္စတီယန်လင်ဒ်နာ၊ ဂျာမဏီနိုင်ငံ၊ ဘဏ္ဍာရေးဖက်ဒရယ်ဝန်ကြီး။

ဒေါက်တာရောဘတ်ဟဘတ်၊ ဂျာမဏီနိုင်ငံ၊ စီးပွားရေးရာနှင့် ရာသီဥတုဆိုင်ရာတုံ့ပြန်ရေး ဖက်ဒရယ်ဝန်ကြီး။

အန်နလီနာဘဲဘော့၊ ဂျာမဏီနိုင်ငံ၊ နိုင်ငံခြားရေးဖက်ဒရယ်ဝန်ကြီး။

မာရီယာဂျီးဆပ်မွန်တီရို၊ စပိန်နိုင်ငံ၊ ဒုတိယသမ္မတ (၁) နှင့် ဘဏ္ဍာရေးဝန်ကြီး။

ဟိုဆေးမာနူအယ်အယ်ဘာရပ်၊ စပိန်နိုင်ငံ၊ နိုင်ငံခြားရေး၊ ဥရောပသမဂ္ဂနှင့် ပူပေါင်းဆောင်ရွက်ရေး ဝန်ကြီး။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်။

<u>**အကြောင်းအရာ။**</u> ။ **Airbus နှင့် Aviation Industry Corporation of China (AVIC) တို့၏ စီးပွားဆက်ဆံရေးကိစ္စ။**

မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းကြိုးပမ်းမှုနောက် ၄ နှစ် နီးပါး အချိန်အထိ စစ်အုပ်စုသည် မြန်မာပြည်သူများအပေါ် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် အခြားသော ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူ အပြစ်ပေးခံရခြင်း စိုးစဉ်းမျှမရှိဘဲ ဆက်လက်ကျူးလွန်လျက်ရှိသည်။ အဆိုပါအကြမ်းဖက် စစ်ဆင်ရေးကို လုပ်ဆောင်နေနိုင်သည်မှာ စစ်အုပ်စုက တိုက်ခိုက်ရေး လေယာဉ်များနှင့် ဆက်စပ် ထိန်းသိမ်းပြုပြင် မွမ်းမံရေးဆိုင်ရာ နည်းပညာအကူအညီများ အပါအဝင် စစ်လက်နက်များကို ဆက်လက်ရရှိနေခြင်းကြောင့်သာ ဖြစ်သည်။

**Aviation Industry Corporation of China (AVIC) သည် စစ်အုပ်စုအတွက် စစ်လေယာဉ်များ အဓိကရောင်းချခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေးများပြုလုပ်ပေးသည့် ကုမ္ပဏီ ဖြစ်သည်။**

ဝန်ကြီးများ သိရှိပြီးဖြစ်သည့်အတိုင်း **Airbus သည် AVIC ၏ အဓိကရင်းနှီးမြှုပ်နှံသူနှင့် မိတ်ဖက်ကုမ္ပဏီ ဖြစ်ပါသည်။** မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေးအကျပ်အတည်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ၏ ယုံကြည်ထိုက်သော

စောင့်ကြည့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာထုတ်ပြန်ခြင်းများ ရှိနေသည်ဖြစ်ရာ စစ်အုပ်စုထံ လက်နက်ရောင်းချပေးနေသည့် AVIC ၏ အခန်းကဏ္ဍတို့အပေါ် Airbus အနေဖြင့် AVIC နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ပြဿနာကြီးဖြစ်နိုင်ကြောင်း သိရှိရမည် ဖြစ်ပါသည်။ သို့ရာတွင် Airbus အနေဖြင့် AVIC နှင့် ဆက်လက်၍ ပူးပေါင်းဆောင်ရွက်သည့်အပြင် ဟောင်ကောင်စာရင်းဝင်ကုမ္ပဏီ AviChina Industry & Technology Company Limited မှတဆင့် AVIC ၏ ကုမ္ပဏီခွဲများစွာတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက် ထားရှိခဲ့သည်။ **Airbus သည် AviChina ၏ အကြီးဆုံးနိုင်ငံတကာရှယ်ယာရှင်ဖြစ်သည်။ သို့ဖြစ်ရာ Airbus အနေဖြင့် AviChina ၏ မဟာဗျူဟာ ဆုံးဖြတ်ချက်များ အပေါ်ကြီးမားသည့် ဩဇာလွှမ်းမိုးမှု ရှိနေသည်။**

၂၀၂၂-၂၀၂၃ ခုနှစ်ဘဏ္ဍာရေးနှစ်အတွက် AviChina ၏ နောက်ဆုံးထုတ်အစီရင်ခံစာတွင် "ကုမ္ပဏီ သည် အခြေခံအားဖြင့် မိမိတို့ကုမ္ပဏီခွဲများမှတဆင့် လုပ်ငန်းများဆောင်ရွက်ကြောင်း"၊ AviChina အုပ်စုသည် "ပြည်တွင်းနှင့် ပြည်ပဝယ်ယူသူများအတွက် ဟယ်လီကော်ပတာများ၊ လေ့ကျင့်ရေး လေယာဉ်များ၊ ဘက်စုံသုံး လေယာဉ်များနှင့် ပြည်တွင်းသုံးဂျက်လေယာဉ်များ ရောင်းချပေးအပ်ခြင်း၊ ပြည်ပလေကြောင်း ထုတ်လုပ်ရေး ကုမ္ပဏီများနှင့် လေကြောင်းဆိုင်ရာထုတ်ကုန်များ ပူးတွဲတီထွင် ထုတ်လုပ်ခြင်းများကဲ့သို့သော အရပ်ဘက် လေကြောင်းထုတ်ကုန်များနှင့် ကာကွယ်ရေးထုတ်ကုန် များကို တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများတွင် အဓိကလုပ်ဆောင်ကြောင်း" ဖော်ပြထားသည်။

ကုမ္ပဏီအုပ်စု၏ အဓိကထုတ်ကုန်များတွင် K8 လေ့ကျင့်ရေးလေယာဉ်နှင့် Y-12 ဘက်စုံသုံးလေယာဉ်များ ပါဝင်ကြောင်း အစီရင်ခံစာအရ သိရသည်။ အဆိုပါလေယာဉ်နှစ်မျိုးလုံးကို မြန်မာစစ်အုပ်စုက အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ဝယ်ယူအသုံးပြုခဲ့ပြီး၊ အရပ်သားပြည်သူများအပေါ် လေကြောင်းတိုက်ခိုက်မှုများတွင် ယင်းလေယာဉ်များကို ဆက်လက်အသုံးပြုကြောင်း မကြာခဏဆိုသလို မှတ်တမ်းများ ရရှိခဲ့သည်။

**မြန်မာစစ်အုပ်စု ကျူးလွန်လျက်ရှိသည့် စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပေါ် ဝန်ကြီးများ၏ အစိုးရများက အကြိမ်ကြိမ်ရှုတ်ချမှုများကို ကျွန်ုပ်တို့ အသိအမှတ်ပြုကြိုဆိုပါသည်။ သို့ရာတွင် Airbus ၏ AVIC နှင့် ဘဏ္ဍာရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများက အဆိုပါ ရှုတ်ချမှုများအပေါ် ဆန့်ကျင်မနေသည့်တိုင် ဆိုးရွားစွာ ထိခိုက်စေသည်ဟု ကျွန်ုပ်တို့ ရှုမြင်ပါသည်။ Airbus ရှယ်ယာရှင်များအနေဖြင့် Airbus ၏ ဘဏ္ဍာရေးနှင့် မဟာဗျူဟာ ချိတ်ဆက်မှုများသည် မြန်မာနိုင်ငံရှိ ရက်စက်ကြမ်းကြုတ်သည့် ရာဇဝတ်မှုကြီးများတွင် အားပေးကူညီမှု မရှိစေရန်အတွက် ဝန်ကြီးများ၏ အစိုးရများတွင် သီးခြားတာဝန်တရပ် ရှိပါသည်။**

ထို့အပြင် မြန်မာနိုင်ငံသည် အီးယူ၏ စစ်လက်နက်ရောင်းချမှုပိတ်ပင်ရေးပြဌာန်းချက် ချမှတ်ခံထား သည်ဖြစ်ရာ Airbus ကုမ္ပဏီအနေဖြင့် စစ်အုပ်စု၏ လက်နက်ပွဲစားကုမ္ပဏီအား ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးအပ်ခြင်းဖြင့် အန္တရာယ်ကို ဖိတ်ခေါ်နေခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများမှ ၂၀၁၈ ခုနှစ်တွင် သက်တမ်းတိုးလိုက်သည့် ယင်းပိတ်ပင်ချက်တွင် အီးယူအတွင်းရှိ ကုမ္ပဏီအဖွဲ့အစည်းများအား "နိုင်ငံတွင်း ဖိနှိပ်မှုများအတွက်

အသုံးပြုနိုင်သည့် စစ်လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ ရောင်းချခြင်း၊ ထောက်ပံ့ခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် တင်ပို့ခြင်း တို့အတွက်လည်းကောင်း၊ မြန်မာ/ဗမာနိုင်ငံအတွင်းရှိ မည်သည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် အစုအဖွဲ့အတွက် သို့မဟုတ် မြန်မာ/ဗမာနိုင်ငံအတွင်း အသုံးပြုရန်အတွက် ဆက်စပ်နည်းပညာအကူအညီ၊ ကြားခံဆောင်ရွက်မှုနှင့် အခြားဝန်ဆောင်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေးအပ်ခြင်းအတွက်လည်းကောင်း အထူးသဖြင့် ထောက်ပံ့ငွေများ၊ ချေးငွေများနှင့် ပို့ကုန်အကြွေး အာမခံမှုများ အပါအဝင် ဘဏ္ဍာငွေထောက်ပံ့ခြင်း သို့မဟုတ် စစ်ဘက်လုပ်ငန်းများနှင့် ဆက်စပ်သည့် ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်ခြင်း" တို့ကို တားမြစ်ထားသည်။

တနည်းဆိုရသော် AviChina တွင် ရှယ်ယာများ ပိုင်ဆိုင်ထားခြင်းဖြင့် Airbus ကုမ္ပဏီသည် ဝန်ကြီးများ၏ အစိုးရများက အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည့် စစ်လက်နက်ရောင်းချမှု ပိတ်ပင်ရေး ပြဌာန်းချက်ကို ချိုးဖောက်ရာ ရောက်နိုင်ပေသည်။

AVIC ကုမ္ပဏီခွဲများနှင့် မိတ်ဖက်များက စစ်အုပ်စုထံ ဆက်လက်ရောင်းချပေးအပ်နေသည့် စစ်ဘက်လေယာဉ်များ၊ အပိုပစ္စည်းအစိတ်အပိုင်းများနှင့် ဆက်စပ်သော ပြုပြင်ထိန်းသိမ်းမွမ်းမံရေး ဝန်ဆောင်မှုများအား မြန်မာစစ်အုပ်စု ရရှိနေမှုကို ပိတ်ပင်ဟန့်တားရန်အတွက် စစ်မှန်ပြီး ပြတ်သားသည့် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် ယခုအိတ်ဖွင့်ပေးစာတွင် လက်မှတ်ရေးထိုးထားသည့် ကျွန်ုပ်တို့အဖွဲ့အစည်းများမှ Airbus တွင် ရှယ်ယာရှင်များ ဖြစ်သည့် ဝန်ကြီးများ၏ အစိုးရများအား တိုက်တွန်းတောင်းဆိုပါသည်။

အထူးသဖြင့်

၁) AVIC နှင့် မြန်မာစစ်အုပ်စုတို့၏ စီးပွားရေးကို ရပ်တန့်ရန်အတွက် ၎င်းတို့၏ ဩဇာလွှမ်းမိုးနိုင်မှုကို အသုံးပြုခြင်းဖြင့် Airbus ကုမ္ပဏီအား နိုင်ငံတကာ လူ့အခွင့်အရေးတာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်စေရန်။

၂) မြန်မာနိုင်ငံသို့ AVIC လေယာဉ်နှင့် ဆက်စပ်ပစ္စည်း လွှဲပြောင်းရောင်းချမှု၊ ပံ့ပိုးမှုများ ဆက်လက် ရှိနေပါက Airbus ကုမ္ပဏီအနေဖြင့် AviChina မှ ရင်းနှီးမြှုပ်နှံမှုများ ရုတ်သိမ်းပြီး၊ AVIC နှင့် ၎င်းတို့၏ စီးပွားရေးဆက်ဆံမှုကို အဆုံးသတ်စေရန်။

တို့ကို တိုက်တွန်းတောင်းဆိုပါသည်။

လေးစားစွာဖြင့်

ပြည်တွင်း၊ ပြည်ပ တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက် အဖွဲ့အစည်း (၃၄၃) ဖွဲ့။

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန်**

သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု - bloodmoneycampaign21@protonmail.com

ယခုအိတ်ဖွင့်ပေးစာကို လုံခြုံရေးဆိုင်ရာအကြောင်းပြချက်များကြောင့် အမည်ဖော်ပြနိုင်ခြင်း မရှိသည့် အဖွဲ့အစည်း (၇၃) ဖွဲ့ အပါအဝင် အဖွဲ့အစည်းပေါင်း (၃၄၃) ဖွဲ့တို့က လက်မှတ်ရေးထိုးထားသည်။

1. 5/ of Zaya State Strike
2. Action Against Myanmar Military Coup (Sydney)
3. Action Committee for Democracy Development (ACDD)
4. Action Committee of Basic Education Students (ACBES)
5. Ah Nah Podcast - Conversations with Myanmar
6. All Arakan Youth Organizations Network (AAYON)
7. All Aung Myay Thar San Schools Strike Force
8. All Burma Federation of Student Unions (Monywa District)
9. All Burma Student Democratic Front (ABSDF) - Australia Branch
10. All Young Burmese League (AYBL)
11. Alliance for Democracy for Myanmar
12. Alliance of Students' Union – Yangon (ASU-Yangon)
13. ALTSEAN-Burma
14. Anti Dictatorship in Burma DMVPA Area
15. Anti-Junta Alliance Yangon-AJAY
16. Anti-junta Forces Coordination Committee (AFCC -Mandalay)
17. Anyar Taw Eain
18. Arakan CSO Network
19. Athan - Freedom of Expression Activist organization
20. Aung San Suu Kyi Park Norway
21. Australian Coalition for Democratic Burma (ACDB)
22. Australian Karen Organisation (AKO)
23. AWDO (Magway Region)
24. A-Yar-Taw People Strike
25. Basic Education General Strike Committee (BEGSC)
26. Basic Education Worker Unions - Steering Committee (BEWU-SC)
27. Basic Education Worker`s Union (Bago)
28. Blood Money Campaign (BMC)
29. Board Of Education (Bago)
30. Boston Free Burma
31. Burma Campaign UK
32. Burma Human Rights Network (BHRN)
33. Burmese Canadian Network (BCN)
34. Burmese Community Development Collaboration (BCDC)
35. Burmese Community Support Group (BCSG)
36. Burmese Medical Association Australia (BMAA)
37. Burmese Rohingya Organisation UK (BROUK)
38. Burmese Women's Union -BWU
39. Campaign for a New Myanmar
40. CAN-Myanmar
41. CDM Medical Network (CDMMN)
42. Chanmyatharzi Township People's Strike
43. Chaung Oo Township Youth Strike Committee
44. Chin Community in Norway
45. Chin Social Association (Mae Sot)
46. Chindwin (West) Villages Women Strike
47. Civil Information Network (CIN)
48. Civil Society Organizations Coordination Committee (Monywa)

49. Coalition Strike Committee – Dawei
50. Co-operative University Mandalay Students' Strike
51. Coordination Team for Emergency Relief-Karenni (CTER)
52. CRPH & NUG Supporters Ireland
53. CRPH Funding Ireland
54. CRPH Support Group, Norway
55. Daung Sitthe Strike
56. Dawei (Ashaetaw) Women Strike
57. Dawei Youths Revolutionary Movement Strike Committee
58. Defend Myanmar Democracy
59. Democracy, Peace and Women's Organization
60. Democratic Party for a New Society, Norway
61. Democratic Youth Council
62. Depayin Township Revolution Steering Committee
63. Depayin Women Strike
64. EarthRights International
65. Enemy Air Route (EAR)
66. Equality Myanmar (EQMM)
67. Ethnic Youth General Strike Committee (Mandalay)
68. ETOs Watch Coalition
69. Federal School
70. Former ABSDF
71. Former Political Prisoners and New Generation Group – Monywa
72. Free Rohingya Coalition
73. Freedom and Labor Action Group (FLAG)
74. Friends Against Dictatorship (FAD)
75. Future Thanlwin (FT)
76. Gangaw Women Strike
77. General Strike Collaboration Committee (GSCC)
78. General Strike Committee of Basic and Higher Education (GSCBHE)
79. General Strike Coordination Body (GSCB)
80. Generation Network Myanmar
81. Generation Wave
82. Generations' Solidarity Coalition of Nationalities (GSCN)
83. Global Action Against China's Meddling in Myanmar (GAACMM)
84. Global Myanmar Spring Revolution (GMSR)
85. Global Shan Network (GSN)
86. GMSR Korea 글로벌 미얀마 봄혁명 연대 - တကမ္ဘာလုံးဆိုင်ရာ မြန်မာ့နွေဦးတော်လှန်ရေး
87. HTY Scout Channel
88. Human Rights Foundation of Monland
89. India for Myanmar
90. Industrial Training Centre (ITC) Family Sydney
91. Industries Strike
92. Info Birmanie
93. Information & Scout News (Hlaing)
94. Inter - Religious Institute for Peace (IRIP)
95. Interim Myanma Railways Administration Council (IMRAC)
96. International Campaign for the Rohingya
97. Justice & Equality Focus (JEF)
98. Justice For Myanmar (JFM)
99. Justice Movement for Community-Innlay
100. Kachin Association Australia (KAA)

101. Kachin Association Norway
102. Kachin Peace Network
103. Kachin Student Union
104. Kalay Township Strike Force
105. Kalay Women Strike
106. Kamayut Scout Channel
107. Karen Human Rights Group (KHRG)
108. Karen Peace Support Network (KPSN)
109. Karenni Human Rights Group (KnHRG)
110. Karenni National Women's Organization (KNWO)
111. KayahLi Phu Youth-KLY
112. Kayan New Generation Youth (KNGY)
113. Kayaw Women Association
114. K'cho Ethnic Association (Europe)
115. Keng Tung Youth
116. Kyae Lak Myay
117. Kyain Seikgyi Spring Revolution Leading Committee
118. Kyauktada Strike Committee (KSC)
119. Land In Our Hands - ဒို့မြေကွန်ရက်
120. Latpadaung Region Strike Committee
121. Legal Aid for Human Rights
122. Let's Help Each Other (LHEO) - အလုပ်သမား အချင်းချင်းရိုင်းပင်း ကူညီရေးအဖွဲ့
123. LGBT Alliance
124. LGBT Alliance Myanmar (Kalay Region)
125. LGBT Alliance Myanmar (Kyaukse Region)
126. LGBT Community Yangon
127. LGBT Union – Mandalay
128. Madaya Federal School
129. Magway People's Revolution Committee (မကွေးလူထု တိုက်ပွဲကော်မတီ)
130. Maharaungmyay Township People's Strike
131. Mandalar University Students' Strike
132. Mandalay Alliance Coalition Strike
133. Mandalay Medical Family (MFM)
134. Mandalay Strike Force (MSF)
135. Mandalay Women Strike
136. Mandalay Youth Strike
137. Mandalay-based People's Strike
138. Mandalay-Based University Students’ Unions (MDY_SUs)
139. MATA စစ်ကိုင်းတိုင်း
140. Matu Chin Community - NSW/UPU Chin Association
141. Mayangone News
142. MayMyo Strike Force
143. Milk Team Alliance Thailand (MTAT)
144. MilkTeaAlliance Calendar Team
145. Mindat Chin Community NSW
146. Minority Affairs Institute (MAI Myanmar)
147. Mon National Council (MNC)
148. Mon State Development Center (MSDC)
149. Monywa LGBT Strike
150. Monywa People's Strike Steering Committee
151. Monywa Women Strike

152. Monywa-Amyint Road Strike Leading Committee
153. Monywa-Amyint Road Women Strike
154. Multi-Religions Strike
155. Mya Taung Strike
156. Myanmar Campaign Network
157. Myanmar Catholic Community in Norway
158. Myanmar Community Coffs Harbour (MCC)
159. Myanmar Community in Norway
160. Myanmar Democratic Force (Denmark)
161. Myanmar Engineering Association of Australia (MEAA)
162. Myanmar Federal Democratic Mission Collection (MFDMC)
163. Myanmar Global Support Foundation - MGSF
164. Myanmar Hindu Union
165. Myanmar Institute of Information Technology Students' Strike
166. Myanmar Labor Alliance (MLA)
167. Myanmar Professionals Association Australia (MPAA)
168. Myanmar Student Union (ဗကသများအဖွဲ့ချုပ်)
169. Myanmar Students' Association Australia (MSAA) NSW Chapter
170. Myanmar Tourism Committee (MTC)
171. Myaung Youth Network
172. MyaYar Knowledge Tree
173. Myingyan Civillian Movement Committee
174. National League for Democracy (Monywa Township)
175. Nattalin Board of Education
176. Network for Human Rights Documentation ND-Burma
177. Network of University Student Unions – Monywa
178. New Myanmar Foundation
179. New Power Generation
180. New Step
181. NLD Organization Committee (International) Norway
182. NLD Solidarity Association (NSW chapter)
183. No Business With Genocide
184. No.12 Basic Education Branch High School (Maharaungmyay) Students' Union
185. NOK Information & Scout Echo
186. North Dagon & East Dagon News
187. Norway Falam Community
188. Norway Matu Community
189. Norway Rvwang Community
190. NSW Karenni (Kayah) Communities
191. Nway Oo Guru Lay Myar (နွေဦးဂုရုလေးများ)
192. Nyan Lynn Thit Analytica
193. OCTOPUS (Youth Organization)
194. Oway Institute
195. Pakkoku Youth Development Council (PYDC)
196. Pakkoku Youth Network
197. Pale Township People's Strike Steering Committee
198. People Defense and Supporting Force (PDSF)
199. People's Embrace
200. Peoples of Longing
201. Political Prisoners Network Myanmar (PPNM)
202. Progressive Muslim Youth Association (PMYA)
203. Progressive Voice

204. Purple Window Counselling
205. Pyi Gyi Tagon Strike Force
206. Queers of Burma Alternative (QBA)
207. Representative Committee of University Teacher Associations (RC of UTAs)
208. Revolution Through Art (RTA)
209. Rise Again Myanmar (RAM)
210. Rohingya Community in Norway
211. Samgha Sammaga-Mandalay
212. Save and Care Organization for Ethnic Women at Border Areas (SCOEWBA)
213. Save Myanmar San Francisco
214. Save Myanmar USA
215. Sein Pann Strike Column
216. Seinpann Strike
217. Shan MATA
218. Shwe Pan Kone People`s Strike Steering Committee
219. Sisters2Sisters
220. Sitt Nyein Pann Foundation
221. South Dagon Scouting Infos (SDG)
222. Southern Dragon Myanmar
223. Southern Youth Development Organization
224. Spring Revolution Myanmar Muslim Community
225. Support Group for Democracy in Myanmar (NL)
226. Sydney Friends for Myanmar Unity
227. Sydney Peace & Justice Coalition
228. SYSO, Seoul
229. Tai Pin Phaw online counseling Service
230. Tamwe Nway Oo Channel
231. Taze Strike Commitee
232. Taze Women Strike
233. Technological Teachers' Federation (TTF)
234. Thaketa & Dawbon Scout Channel
235. Thakhin Kodaw Mhine Peace Network (Monywa)
236. Thayat Chaung Women Strike
237. The 88 Generation Peace and Open Society (Monywa)
238. The Mekong Butterfly
239. Thint Myat Lo Thu Myar Organization
240. TPN-SBO - သပြေညိုရွှေဘိုပန်း
241. Twitter Team for Revolution (TTFR)
242. University Students' Unions Alumni Force
243. Volunteers in Myanmar
244. We Pledge CDM (Australia)
245. Wetlet Revolution Leading Committee
246. Wetlet Twonship Women Strike
247. White Coat Society Yangon (WCSY)
248. Women Activists Myanmar (WAM)
249. Women Alliance Burma (WAB)
250. Women's Organization of Political Prisoners (WOPP)
251. Yadanabon University Students' Union (YDNBUSU)
252. Yangon Deaf Group
253. Yangon Women Strike
254. Yasakyo Township People`s Strike Steering Committee
255. Yinmarpin and Salingyi All Villages Strike Committee
256. Youth for Democratization of Myanmar (YDM)

257. Youth Heart Beams
258. Youth Scout For Democracy (YSD)
259. Zomi Association Australia Inc.
260. Zomi Christian Fellowship of Norway
261. Zomi Community Norway
262. ကြာအင်းဆိပ်ကြီးသပိတ်အင်အားစု/ကရင်
263. ပြည်သူ့သပိတ်အင်အားစု
264. ပုလဲလူထုသပိတ် တိုက်ပွဲဦးဆောင်ကော်မတီ
265. မျိုးဆက်-Generations
266. မြန်မာမွတ်စလင်အစည်းအရုံး (BMA)
267. ယိမ်းနွဲ့ပါး
268. ဝေါမြို့နယ်ပညာရေးဘုတ်အဖွဲ့
269. သမိုင်းသယ်ဆောင်သူများ
270. အညာလွင်ပြင်ရပ်ဝန်း

